ဖို (ပစ္စည်း)

အထီး။ အဖိုဖြစ်ကြောင်းပြသော စကားလုံး။

သာဓက။ ။ ဒရယ်ဖို။ ခေါင်းဖို။ ငှက်ဖို။

ဆန့်ကျင်ဘက်နှစ်ခု တစ်စုံရှိရာ၌ တစ်ဖက်ကို ရည်ညွှန်းသော

ပစ္စည်း။

သာဓက။ ။ ခလုတ်ဖိုခလုတ်မ

ဖို့

ဝါကျအတွင်းအသုံးကိုလိုက်၍ ဝါကျဆက်သမ္ဗန္ဓသော်လည်း ကောင်း၊ နာမ်ဝိဘတ်သော်လည်းကောင်း ဖြစ်နိုင်သည့် စကားလုံး။ ကာ၊ အတွက်၊ အနက်မှ၊ တိုင်အောင်၊ မှ၊ အတိုင်းတို့လည်းရှ

သာဓက။ ။ အတွေးအခေါ်ရင့်သန်ဖို့ စာများများ ဖတ်သင့်သည်။ (ဝါကျဆက်သမ္ဗန္ဓ)

အမေသည် သားကြီးဖို့ သရက်သီး ဝယ်လာသည်။ (နာမ်ဝိဘတ်)

ဖို့ (ပစ္စည်း)

ကြိယာကိုနာမ်အဖြစ်ပြောင်းလဲနိုင်သော ပုဒ်ပြောင်းပစ္စည်း။

သာဓက။ ။ စား > စားဖို့

အိပ် > အိပ်ဖို့

ဖို့ (ဝိဘတ်)

တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာအတွက် ရည်ရွယ်ကြောင်း ဖော်ပြသော ရည်ရွယ်ချက်ပြဝိဘတ်။

သာဓက။ ။ သားကြီးဖို့ ဝယ်လာသော သရက်သီး။



ဝါကျတွင်း အသုံးကိုလိုက်၍ နာမ်ဝိဘတ်သော်လည်းကောင်း၊ ဝါကျဆက်သမ္ဗန္ဓသော်လည်းကောင်းဖြစ်နိုင်သည့် စကားလုံး။ ကာ၊ မှ၊ အတွက်၊ အနက်၊ အတိုင်း တိုင်အောင် တို့လည်းရှိ။

သာဓက။ ။ အမေသည် မမဖို့ သရက်သီးဝယ်လာသည်။ (နာမ်ဝိဘတ်)

အတွေးအခေါ်ရင့်သန်ဖို့ စာများများ ဖတ်ရမည်။ (ဝါကျဆက်သမ္ဗန္ဓ)

က် (ပစ္စည်း)

အစုံရှိသော အရာကို တခြားစီရေတွက်ရာ၌ သုံးသော စကားလုံး။

သာဓက။ ။ ဖိနပ်တစ်ဖက်။ နားကပ်တစ်ဖက်။

(ပစ္စည်း)

များသောအားဖြင့် မြန်မာတိုင်းရင်းဆေးများအတွက်သုံးသည့် မျိုးပြပစ္စည်း။

သာဓက။ ။ ဆေးတစ်ဖုံ၊ ငန်းဆေးတစ်ဖုံ

ငြင့် (ပစ္စည်း)

ပုဒ်တို့ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။

သာဓက။ ။ ကျွန်တော်ဖြင့် မလုပ်ဝံ့ပါ။

ငြင့် (ဝိဘတ်)

အသုံးပြုခံရသောအရာကိုပြသည့် ဝိဘတ်။ အသုံးခံပြဝိဘတ် လည်းဟူ၏။